လေးစားရပါသောSPSမိသားစုများ ,

ယနေ့မှစတင်၍စပုတ်ခိန်းပြည်သူပိုင်ကျောင်းများအားလုံးသည်ကျောင်းသားများအတွက်အနည်းဆုံးဧပြီလ ၂၄ရက်သောကြာနေ့အထိပိတ်ထားမည်ဖြစ်ပါသည်။
အကယ်၍သင့်ခလေး၏ကျောင်းသင်ထောက်ကူပစ္စည်းများ၊ဆေးဝါးများအားယမန်နေ့တွင်သွားရောက်ယူဆောင်ခြင်းမရှိသေးပါက၊ကျောင်းများအားလုံး၏ရုံးခန်းများတွင်၄င်းတို့အားထားပေးပြီးမိဘများလိုအပ်ပါကရုံးဖွင့်ချိန်အတွင်းသွားရောက်ထုတ်ယူနိုင်ပါသည်။
ကျောင်းရုံးဖွင့်ချိန်များကိုသင့်ခလေး၏ကျောင်းဝက်ဆိုက်တွင်သော်၄င်းကျောင်းကိုဖုန်းခေါ်ဆို၍သော်၄င်းသိရှိနိုင်ပါသည်။
မတ်လ၁၉ရက်ကြာသပတေးနေ့မှစ၍SPSမှအစားအသောက်ထုတ်ယူမှုစနစ်ဖြစ်သော grab-and-go meals
နံနက်စာနှင့်နေ့လယ်စာတပေါင်းတည်းကိုခလေးအားလုံးအသက်၁၈နှစ်အထိသို့မဟုတ်ယခုလက်ရှိကျောင်းသားများအသက် ၂၁နှစ်အောက်အတွက်ကိုနံနက်၁၁နာရီမှညနေ၁နာရီအထိကျောင်းခရိုင်ရှိကျောင်းနေရာ၁၆ခု Arlington, Balboa, Finch, Garfield, Hutton, Lidgerwood, Lincoln Heights, Longfellow, Moran Prairie, Mullan Road, Ridgeview, Roosevelt, Shaw MS, Rogers HS, Shadle Park HS and Ferris HSတွင်ဝေငှပေးသွားမည်ဖြစ်ပါသည်။
သင့်အတွက်အဆင်ပြေသောနေရာတွင်သွားရောက်ထုတ်ယူနိုင်ပါသည်။အစားအသောက်များကိုတနင်္လာနေ့မှသောကြာနေ့အထိဝေငှပေးမည်ဖြစ်ပါသည်။လာမည့်အပတ်များတွင်နေရာတိုးချဲ့၍ထုတ်ဝေရန်အတွက်အစီစဉ်ရှိပါသည်။
အိမ်တွင်ကွန်ပြူတာမရှိသောမိသားစုများ၏ခလေးများအားသင်ယူမှုပြုလုပ်နိုင်ရန်အတွက်SPSမှကွန်ပြူတာလက်တော့များကိုလိုအပ်သောကျောင်းသားများအတွက်ပြင်ဆင်ထားပါသည်။ဤအချိန်တွင်ကျောင်းသားတစ်ဦးတလုံးစီနှင့်တစ်မိသားစုတွင်နှစ်လုံးနှုန်းဖြင့်ဝေငှမည်ဖြစ်ပါသည်။လိုအပ်သောဖြည့်စွက်ရန်အချက်အလက်များကို spokaneschools.org/LaptopCheckout တွင်ကြည့်ရှုနိုင်ပါသည်။
ဤကွန်ပြူတာများကိုသင့်အိမ်ရှိအင်တာနက်(WiFi)ဖြင့်အသုံးပြုနိုင်ပါသည်။အကယ်၍သင့်အိမ်၌အင်တာနက်မရှိပါကအခမဲ့ရရှိနိုင်သောအကြောင်းအရာများကိုလက်တော့ဝေငှပေးခြင်းဝက်ဆိုက်တွင်သော်၄င်းဖုန်းနံပါတ်၅၀၉–၃၅၄–၇၆၃၆အားခေါ်ဆို၍စုံစမ်းနိုင်ပါသည်။
သတင်းအချက်အလက်အသစ်များကိုကျွန်ုပ်တို့၏ဝက်ဆိုက် spokaneschools.org အားဖြင့်ဖော်ပြပေးမည်ဖြစ်ပါသည်။

သင်နှင့်ကျွန်ုပ်တို့ကျောင်းတွင်မတွေ့ရတော့သည့်အတွက်အလွန်သတိရမိပါသည်။

Burmese